ချောင်းကောက်ကျေးရွာ

မုံရွာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၁၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ချောင်းကောက်ကျေးရွာ၊ မုံရွာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ် လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ချောင်းကောက်ကျေးရွာသယံဇာတပြဓေပုံနှင့် ရာသီခွင်ပြပြကွဒိန်၊ မုံရွာမြို့နယ် ၅

(၁)နိဒါန်း ၆

(၁.၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ၊

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄
(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု
(၆) ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၆
- ဦးစားပေးစီမံချက်များ
- အကောင်အထည်ဖော်မည့်နှစ်အလိုက်ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၈
စီမံချက်အဆိုပြုလွှာ ၁၉
ကော်မတီဝင်များစာရင်း(သို့)စီမံချက်အကြောင်းအရာ ၂၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ ညောင်ဖြူပင်ကျေးရွာအုပ်စု၊ ချောင်းကောက်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာမှ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများ

မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖေ ၃ ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

မတ်လ ၂၀၁၉။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့


ချောင်းကောက်ကျေးရွာ


ညောင်ဖြူပင်ကျေးရွာအုပ်စု

မုံရွာမြို့နယ်

ညောင်ဖြူပင်ကျေးရွာအုပ်စု၊ ချောင်းကောက်ကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြပြကွဒိန်

မုံရွာမြို့နယ်





အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါ သည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြ ပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း

နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု

ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုဖြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျန့်ပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ
(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ချောင်းကောက်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၏ အနောက်တောင်ဘက် ၈ မိုင် ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာသည် မြေပြန့်တွင် တည်ရှိပြီး စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ မုံရွာ-မန္တလေးကားလမ်းမကြီး အနီးအနားတွင်

တည်ရှိပါသဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀ မှ ၆၀ ကြား ရွာသွန်းလေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် သင့်တော်သော အခြေအနေ ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျွန်းမြေအသင့်အတင့်ရှိကြပြီး မြေဆီမြေဩဇာ ကောင်းပါသည်။ ရွာအနီးရှိ ချင်းတွင်း မြစ်ရေမှ ရေကြီးဝင်ရောက်ချိန်တွင် စိုက်ပျိုး၍ မရဘဲ ရေကျချိန်တွင် နှံးမြေများ ကျန်ရှိခြင်းကြောင့် စပါး၊ ကုလားပဲ၊ မြေပဲ၊ ပန်း၊ ဥယာဉ်ခြံများ စိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်း ကောင်းမွန်ပါသည်။ အဝီစိတွင်းများ ရေရယူသုံးစွဲ၍ ယာမြေကေ(၆၈.၁၀)ကို ရေသွင်းစိုက်ပျိုး ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ချောင်းကောက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၉၈)စု နှင့် ကျား(၁၈၉)၊ မ(၂၂၂)ဦးဖြင့် လူဦးရေပေါင်း(၄၁၁)ဦး ရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည် (၄)ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင် ဗမာအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာတွင် စုစုပေါင်း လူဦးရေ၏(၃၂.၁၅%)သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး၊ မှီခိုသူလူဦးရေသည် (၃၁.၁၄%) ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် အနည်းငယ်ခန့် ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ယက္ကန်းလုပ်ငန်းနှင့် လက်သမားလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲ ချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅.၈%)သည် ဆင်းရဲသော အိမ်ထောင်စု အဆင့်နှင့် (၁၅.၅၇%) သည် အလွန်ဆင်းရဲသောအိမ်ထောင်စု အဆင့်အဖြစ် ခံယူကြပြီး (၁.၂၁%)သည်

ချမ်းသာသည့်အဆင့်၊ (၁.၂၉%) သည် အလယ်အလတ်အိမ်ထောင်စု အဆင့်ရှိကြသည်ဟု ခံယူကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ချောင်းကောက်ကျေးရွာ၏ ဥစ္စာကြွယ်ဝမှုအဆင့် "၃" အိမ်ထောင်စုများ၏ (၅.၈%) နှင့် အဆင့်"၄" အိမ်ထောင်စုများ၏ (၁၅.၅၇%) ကို ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှု စစ်တမ်းကောက်ယူမှု အရ "၃" နှင့် "၄"အိမ်ထောင်စု စုစုပေါင်းအနက်မှ စံအဖြစ်ကောက်ယူ လေ့လာထားသော အိမ်ထောင်စု (၈၈) စု အနက် ဝမ်းစာမှုဖူလုံမှုရှိကြောင်း တွေ့ရပါသည်။ ၎င်းအိမ်ထောင်စုများသည် အကြွေးတင်ရှိမှု အနည်းငယ်စီ ရှိကြပါသည်။ ယာများတွင် စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စား အငှားလိုက်ခြင်း၊ လက်သမားလုပ်ငန်းများ လုပ်ကိုင်ကာ ဝမ်းစာ အတွက် ဖူလုံမှုရှိသည်ဟု ဆိုကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ချောင်းကောက်ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေးကောင်းကြသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုးရောဂါ အသင့်အတင့် အဖြစ်များပါသည်။ ဝမ်းပျက်ဝမ်းလျှောဂါ၊ တီဘီရောဂါများလည်း တခါတရံဖြစ်ပွားမှုရှိပါသည်။ အမျိုးသမီး၊ လူငယ် လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာများ ကောင်းမွန်ကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ညောင်ဖြူပင်တိုက်နယ်ဆေးရုံ၊ မုံရွာပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များမှ ရရှိပါသည်။

ကျေးရွာတွင် ချင်းတွင်းမြစ်နှင့်နီးသောကြောင့် ရေထွက်ကောင်း၍ ချိုပါသည်။ အိမ်တိုင်းနီးပါး အဝီစိတွင်းများ ရှိပါသည်။ ၄၄်းတွင်းများမှ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိသောကြောင့် သောက်သုံးရေ ဖူလုံကြပါသည်။

(ဂ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ပညာကို ဆုံးခန်းတိုင် သင်ကြားကြပါသည်။ ကျေးရွာအတွင်းတွင် စာသင်ကျောင်း မရှိပါ။ ကျေးရွာရှိ ကလေးသူငယ်များသည် ရွာအနီးရှိ ညောင်ဖြူပင် အ.ထ.က ကျောင်းနှင့် မှန်ရိုးကုန်းသို့ သွားရောက် တက်ရောက်ကြရပါသည်။

(စ) ကျား-မရေးရာ

ချောင်းကောက်ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် ကျား-မရေးရာ တန်းတူအခွင့်ရေး ရရှိပါ သည်။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးတန်းတူ ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။ ကျေးရွာ၏လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသားအရေအတွက်သည် အမျိုးသမီး လူဦးရေထက် အနည်းငယ် နည်းကြောင်း တွေ့ရသည်။ သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန် လျော့နည်းလျက်ရှိသည်။ ကျား - မ တန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့သည် ကျားမ ဦးရေ တန်းတူပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူငယ်အဖွဲ့၊ အရန်

မီးသတ်၊ မီးကော်မတီအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့များ ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှု နည်းပါးပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် CP ပြောင်း၊ စပါး၊ ပဲတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်ယာမြေ(၆၈.၁)ဧက ရှိပါသည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာ နည်းလမ်းကိုသာ အများဆုံး အသုံးပြုကြသည်။

ကျေးရွာတွင် နွားမွေးသော အိမ်ထောင်စုအရေအတွက်မှာ (၃၆)အိမ်ထောင်စုရှိပြီး ဒေသနွားများကို မွေးမြူကြသည်။ သိုးမွေးမြူသော အိမ်ထောင်စု(၁)စုရှိပါသည်။ ထို့ပြင် ဝက်မွေးမြူသော အိမ်ထောင်စု(၉)စုနှင့် ကြက်မွေးမြူသော အိမ်ထောင်စု(၂၃)စု ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ လက်သမားလုပ်ငန်းတွင် နေ့စား အလုပ်လုပ်ကိုင်ခြင်းကြောင့် ဝင်ငွေရရှိပါသည်။ အိမ်တွင်ကုန်စုံဆိုင်ဖွင့်၍ ဈေးရောင်းသော အိမ်ထောင်စုများလည်း ရှိပါသည်။ ပန်းရံ၊ လက်သမားနှင့် ကျပန်းအလုပ် လုပ်ကိုင်သူများလည်း ရှိပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်းလူဦးရေ၏ထက်ဝက်ခန့်ရှိကာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖြစ်သော အပ်ချုပ်စက်၊ ခြင်းရက်သင်တန်း၊ လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ အလှပြင်အခြေခံသင်တန်း၊ အခြေခံဝါးလက်မှုထည်၊ ပန်းရံလက်သမားလုပ်ငန်း၊ ယက္ကန်းရက်သင်တန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများအား တက်ရောက်နိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ချောင်းကောက်ကျေးရွာတွင် တောင်သူများသည် ခါတုပိုးသတ်ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှု အနည်းငယ်သာ ရှိသောကြောင့် စိုက်ပျိုးသည့် ယာမြေများပျက်စီးမှုနည်းပါးပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ခြင်းမရှိကြသဖြင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ဘဏ်နှင့် သမဘဏ်မှ ကာလတိုချေးငွေများ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမှလည်း စိုက်ပျိုးရေးနှင့်အသေးစားကုန်ထုတ်လုပ်ငန်းများအတွက် ချေးငွေများရရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ချောင်းကောက်ကျေးရွာတွင် စာသင်ကျောင်း မရှိပါ။ မူလတန်းကို မှန်ရိုးကုန်းကျေးရွာသို့လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းကို ညောင်ဖြူပင် အ.ထ.က ကျောင်းသို့ လည်းကောင်း သွားရောက်ပညာသင်ကြားရပါသည်။ အဆိုပါကျောင်းသည် ကျေးရွာအနီးတွင် တည်ရှိသဖြင့် သွားရေးလာရေးအတွက် စက်ဘီးနှင့်ဆိုင်ကယ်များကို အသုံးပြုကာ တက်ရောက်ကြပါသည်။ ကျေးရွာတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်ကြပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်းပညာကို ပြီးဆုံးအောင်သင်ကြားကြပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်း များကိုလည်း တက်ရောက်ကြပါသည်။ ဘွဲ့ရပညာတတ် အနည်းငယ်သာ ရှိပါသည်။

ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ညောင်ဖြူပင်ကျေးရွာရှိ ဆေးပေးခန်းမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံပေး လျက်ရှိပါသည်။ အရေးပေါ်အခြေအနေဖြစ်ပါက မုံရွာမြို့ရှိ ဆေးရုံများနှင့် ဆေးခန်းများမှ ရရှိပါသည်။

ကျေးရွာသည် ချင်းတွင်းမြစ်နှင့်နီးသောကြောင့် ရေထွက်ကောင်းပါသည်။ ရေချို ထွက်သောကြောင့် သောက်သုံးရေအတွက် အဆင်ပြေပါသည်။ အဝီစိတွင်းများမှ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိပါသည်။ အိမ်ထောင်စု တိုင်းတွင် အဝီစိတွင်းများရှိခြင်းဖြင့် သောက်သုံးရေဖူလုံကြပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ချောင်းကောက်ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့် မရှိပေ။ ကျေးရွာတွင် ရိုးရာဓလေ့ဘုရားပွဲတော်များတွင် ကျေးရွာလူငယ်များအားလုံး ပါဝင်ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအပိုင်းတွင်လည်း လူငယ်များ ပါဝင်မှု အားကောင်း ပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များပါဝင်လုပ်ဆောင်မှု အတင့်အသင့် ရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦ- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ချောင်းကောက်ကျေးရွာ ရွာအဝင်လမ်းသည် ချောင်းရိုးဖြစ်သောကြောင့် မိုးရာသီ မိုးများ သောအခါတွင် သွားလာရခက်ခဲပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးရရှိပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက် နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်ပါသည်။ ကျေးရွာရှိ အိမ်တိုင်းနီးပါး တယ်လီဖုန်းများရှိခြင်းကြောင့် သတင်းဆက်သွယ်ရေးမှာ အလွန် ကောင်းမွန်နေပါသည်။ ဌာနဆိုင်ရာများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာဥက္ကဋ္ဌ၊ ကျေးရွာစာရေး တို့မှတဆင့် ဆက်သွယ်ကြပါသည်။

ဆက်သွယ်ရေးအတွက် အမ်ပီတီ၊ အမ်အီးစီ၊ တယ်လီနော၊ အော်ဒီဒူး၊ ဖုန်းလိုင်းများကို အသုံးပြုကြပြီး အိမ်ထောင်စုတိုင်း တယ်လီဖုန်း သုံးစွဲလျှက်ရှိပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ တယ်လီဖုန်း၊ တီဗွီ၊ ရေဒီယိုများအသုံးပြုသဖြင့် သတင်းအရင်းအမြစ် အချက်အလက်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်သည်။

ကျေးရွာသူ/ကျေးရွာသားများ ညောင်ဖြူပင်ရဲစခန်း(သို့မဟုတ်) မုံရွာမြို့နယ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေဆီဩဇာကောင်းပါသည်။ ရေထွက်ကောင်းပြီး နှံးမြေများရှိခြင်းကြောင့် ရေတွင်းများတူးကာ ပြောင်း၊ စပါး၊ ပဲအမျိုးမျိုး၊ မြေပဲ၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ချဉ်ပေါင်၊ မုံညှင်း၊ ပန်းနှင့် အခြားရာသီပေါ်သီးနှံများကို စိုက်ပျိုးကြသည်။ ကျေးရွာတွင် ရာသီပေါ်သီးနှံများအားတစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ကုန်ပစ္စည်းထွက်ရှိမှု ကောင်းပြီး စျေးကွက်ကောင်းလျှင် ဖွံ့ဖြိုးရေး အထောက်အပံ့ဖြစ်စေမည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အဆင်ပြေချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်သုံးစွဲသူ အသင့်အတင့်ရှိပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိယာမြေများမှာ မြေဆီလွှာ ကောင်းမွန်ပါသည်။ အခြားသဘာဝ သယံဇာတများ ထွက်ရှိမှု မရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းဖြင့် စိုက်ပျိုးခြင်းများ အနည်းငယ်သာ ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သမဘာဏ်မှ အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေရရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နည်းပညာ အခက်အခဲကြောင့် တိုးချဲ့လုပ်ကိုင်ရန် ခက်ခဲပါသည်။

ချောင်းကောက်ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း အနည်းငယ်သာ ရှိသည့်အတွက် ကျေးရွာတွင် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အိမ်တွင်းမှု ကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ အထိအတွေ့တို့ အလွန်အားနည်းပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	အကဲဖြတ်အမှတ်ပေးသူ (၆)	အကဲဖြတ်အမှတ်ပေးသူ (၇)	အကဲဖြတ်အမှတ်ပေးသူ (၈)	အကဲဖြတ်အမှတ်ပေးသူ (၉)	အကဲဖြတ်အမှတ်ပေးသူ (၁၀)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁။	Box Culvert ပါ ရေကျော်တည်ဆောက်ခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
၂။	ကျေးရွာတွင်းလမ်း အဆင့် မြှင့်တင်ခြင်း	၁၀	၉	၉	၁၀	၁၀	၁၀	၉	၈	၇	၉	၉၁	၂
၃။	ဘောလုံးကွင်း တည်ဆောက်ခြင်း	၂	၅	၅	၁	၁၀	၃	၆	၇	၅	၄	၄၈	၃
၄။	စာကြည့်တိုက် ပြုပြင်ခြင်း	၂	၅	၅	၃	၅	၃	၅	၄	၃	၂	၃၇	၄
၅။	တံတားအဆင့်မြှင့်တင်ခြင်း	၂	၁	၀	၀	၀	၂	၃	၂	၄	၅	၁၉	၅

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	Box Culvert ပါ ရေကျော် တည်ဆောက်ခြင်း	၁	√				
၂	ကျေးရွာတွင်းလမ်း အဆင့် မြှင့်တင်ခြင်း	၂		√			
၃	ဘောလုံးကွင်း တည်ဆောက်ခြင်း	၃			√		
၄	စာကြည့်တိုက် ပြုပြင်ခြင်း	၄				√	
၅	တံတားအဆင့်မြှင့်တင်ခြင်း	၅					√

ညောင်ဖြူပင်ကျေးရွာအုပ်စု၊ ချောင်းကောက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်းများ	စီမံချက်
၁	Box Culvert ပါ ရေကျော် တည်ဆောက်ခြင်း	ရာသီမရွေး သွားလာရန် ခက်ခဲခြင်း	စုပေါင်းလုပ်အား ရှိခြင်း	ငွေကြေးခက်ခဲခြင်း၊ နည်းပညာ မရှိခြင်း	ဌာနဆိုင်ရာနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ကိုယ်ထူ ကိုယ်ထ ဆောင်ရွက်ခြင်း	Box Culvert ပါ ရေကျော် တည်ဆောက် ခြင်း
၂	ကျေးရွာတွင်းလမ်း အဆင့် မြှင့်တင်ခြင်း	ရာသီမရွေး သွားလာရန် ခက်ခဲခြင်း	စုပေါင်းလုပ်အား ရှိခြင်း	ငွေကြေးခက်ခဲခြင်း၊ နည်းပညာ မရှိခြင်း	ဌာနဆိုင်ရာနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ကိုယ်ထူ ကိုယ်ထ ဆောင်ရွက်ခြင်း	ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်း
၃	ဘောလုံးကွင်းတည်ဆောက် ခြင်း	ကစားကွင်းမရှိခြင်း၊ အားကစားပစ္စည်းများ လိုအပ်ခြင်း	လူငယ်များ စိတ်အား ထက်သန်ခြင်း	ငွေကြေးခက်ခဲခြင်း	ဌာနဆိုင်ရာနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	ပစ္စည်းကိရိယာ စုံလင် သော ဘောလုံးကွင်း တည်ဆောက်ခြင်း
၄	စာကြည့်တိုက် ပြုပြင်ခြင်း	သက်တမ်းကြာမြင့်သည့် အတွက် ပျက်စီးယိုယွင်းခြင်း	မြေနေရာရှိခြင်း	ငွေကြေးခက်ခဲခြင်း	ဌာနဆိုင်ရာနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	စာကြည့်တိုက် ပြုပြင် ဆောင်ရွက်ခြင်း
၅	တံတားအဆင့်မြှင့် တင်ခြင်း	သက်တမ်းကြာမြင့်သည့် အတွက် ပျက်စီးယိုယွင်းခြင်း	စုပေါင်းလုပ်အား ရှိခြင်း	ငွေကြေးခက်ခဲခြင်း၊ နည်းပညာ မရှိခြင်း	တံတားပြုပြင်ခြင်းအတွက် ဌာနဆိုင်ရာနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	ခိုင်ခန့်သော တံတား တစ်စင်း တည်ဆောက် ခြင်း

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ – ချောင်းကောက် ကျေးရွာအုပ်စု – ညောင်ဖြူပင် မြို့နယ် – မုံရွာ တိုင်းဒေသကြီး / ပြည်နယ် – စစ်ကိုင်းတိုင်း	
စီမံချက်အမည် – Box Culvert ပါ ရေကျော် တည်ဆောက်ခြင်း (၁၈'x၁၂'x၄')	
-စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ- – မြေနိမ့်၊ ချောင်းရိုးဖြစ်သောကြောင့် ရေကြီးပြီး ရေကျသွားသောအခါ ကျေးရွာသူ/သားများ၊ ကား၊ ထော်လာကျီနှင့် ကျွဲ၊ နွားများ သွားလာရန် ခက်ခဲပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) - ကျေးရွာ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအတွက် သွားလာရလွယ်ကူစေရန်၊ ပညာရေးတွင် ကောင်းမွန်စွာ သင်ကြားနိုင်စေရန်	
မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) - ကျေးရွာအဝင် Box Culvert ပါရေကျော်တည်ဆောက်ခြင်းကြောင့် သွားလာရလွယ်ကူ၍ လူနေမှု အဆင့် အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) Box Culvert ပါ ရေကျော် တည်ဆောက်ခြင်း (၁၈'x၁၂'x၄')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀ (ငွေသား)	• ကျေးလက်ဦးစီး

• (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား)	• ကျေးရွာ • ကျေးရွာ

ညောင်ဖြူပင်ကျေးရွာအုပ်စု၊ ချောင်းကောက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	ပညာအရည်အချင်း	တာဝန်	ဖုန်းနံပါတ်
၁	ညောင်ဖြူပင်	ချောင်းကောက်	ဦးကြည်လင်	ဦးဘသစ်	၅/မရန(နိုင်) ၂၂၁၇၂၁	၅၄	ဖိတန်း	ဥက္ကဋ္ဌ	၀၉-၄၄၂၄၄၁၈၅၆
၂	ညောင်ဖြူပင်	ချောင်းကောက်	ဦးမင်းသိန်း	ဦးသန့်ငွေ	၅/မရန(နိုင်) ၀၇၃၂၂၁	၃၂	၄တန်း	အတွင်းရေးမှူး	၀၉-၇၈၆၈၉၂၃၅၇
၃	ညောင်ဖြူပင်	ချောင်းကောက်	ဦးကြည်မင်း	ဦးကျော်စိန်	၅/မရန(နိုင်)၁၅၅၂၈၁	၄၅	၄တန်း	ဘဏ္ဍာရေးမှူး	၀၉-၂၆၀၃၇၃၂၁၃
၄	ညောင်ဖြူပင်	ချောင်းကောက်	ဒေါ်နန်းစုအောင်	ဦးဇော်	၅/မရန(နိုင်)၂၇၇၉၅၃	၂၄	B.Sc(Math;)	စာရင်းကိုင်	၀၉-၄၂၀၇၈၇၇၃၅
၅	ညောင်ဖြူပင်	ချောင်းကောက်	ဒေါ်နှင်းခိုင်	ဦးမြင့်ဆွေ	၅/မရန(နိုင်)၂၈၃၄၆၀	၂၆	၄တန်း	သေ့ကိုင်(၁)	၀၉-၄၅၁၃၂၇၉၇၀
၆	ညောင်ဖြူပင်	ချောင်းကောက်	ဦးမျိုးဇော်ဦး	ဦးဝင်းမောင်	၅/မရန(နိုင်)၂၂၁၇၀၇	၃၅	-	သေ့ကိုင်(၂)	၀၉-၇၉၅၁၁၁၈၈၂
၇	ညောင်ဖြူပင်	ချောင်းကောက်	ဦးကျော်မြင့်	ဦးပိုင်	၅/မရန(နိုင်)၀၇၁၄၅၅၀	၆၇	၄တန်း	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစု ပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၁	၅
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၀	၁၂	၂၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၅	၁၆	၄၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၆	၁၂	၂၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၂	၁၅၆	၂၇၈
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၂	၂၅	၃၇
စုစုပေါင်း		၁၈၉	၂၂၂	၄၁၁
စုစုပေါင်း အိမ်ထောင်စု		၉၈		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့်

ၚင်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ချောင်းကောက်ကျေးရွာသည် နို့စို့အရွယ်ကလေးငယ် (၅) ဦး၊ (၅) နှစ်အောက် ကလေးငယ် (၂၂) ဦး ၊မူလတန်းကျောင်းသားအရွယ် (၄၁) ဦး ၊အလယ်တန်း (၂၈) ဦး ၊ အလုပ်လုပ်နိုင်သည့်အရွယ် (၂၇၈) ဦး ၊ သက်ကြီး၊ရွယ်ကြီး(၃၇) ဦးရှိပြီး စုစုပေါင်း အိမ်ထောင်စု(၉၈) စုနှင့် လူဦးရေပေါင်း (၄၁၁) ဦး နေထိုင်လျက်ရှ့ိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၀	၁၀၀	၂၃	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၈	၁၆	၅	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ▯▯လတ် ▯▯▯▯နိမ့် ▯
	အလုပ်သမား / ဝန်ထမ်း				မြင့် ▯▯▯▯လတ် ▯▯▯▯နိမ့် ▯
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ▯ လတ် ▯ နိမ့် ▯
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ▯ လတ် ▯ နိမ့် ▯
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ▯ လတ် ▯ နိမ့် ▯
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ▯ လတ် ▯ နိမ့် ▯
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ▯ လတ် ▯ နိမ့် ▯
	အလုပ်သမား /	၀	၀	၀	မြင့် ▯ လတ် ▯ နိမ့် ▯

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
	အလုပ်သမား /			၀	မြင့် ? လတ် ? နိမ့် ?

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၅၀၀	၄၅၀၀	၆၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၇၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ချောင်းကောက်ကျေးရွာသည် စိုက်ပျိုးရေး လုပ်ငန်းများ ကို အဓိကလုပ်ကိုင်ကြပြီး ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ကိုင်ကြသူ အနည်းငယ်ရှိပြီး လုပ်အားခ နှုန်းထားမှာမှာ အများဆုံး (၁၀၀၀၀) ကျပ်နှင့် အနည်းဆုံးကျပ် (၇၀၀၀) ရရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
လယ်မြေ	၂၅	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၁၇၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ၊ယာမြေ /တောင်ယာမြေ၊ဥယျာဉ်ခြံမြေ များ အများစု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ□□□□ သင့် □□□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့်□□□ နည်း□□ မရှိ□□	လွယ်□□□□□□ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာသည် ကျောက်သဲ၊ကျောက်စရစ်များ ကို ကျေးရွာအနီးပတ်ဝန်းကျင်တွင် အနည်းငယ် တွေ့ရှိရပြီး သဘာဝအပင်မျိုးစိတ်များ အနည်းငယ်သာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၃၀	၃၅	၁၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ချောင်းကောက်ကျေးရွာသည် အဆင်ပြေသော အိမ်ထောင်စု (၂၀) စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၃၀) ၊ မပြေလည်သော အိမ်ထောင်စု (၃၅) နှင့် အလွန် မပြေ လည်သော အိမ်ထောင်စု (၁၃) ၊ စုစုပေါင်း အိမ်ထောင်စု (၉၈) ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၅	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၀ လုပ်အားခကြိုယူ = ၅
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၂	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၄ လုပ်အားခကြိုယူ = ၈
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၅ လုပ်အားခကြိုယူ = ၃

ရင်းမြစ်..ဥစ္စာနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက် ကျေးရွာသည် ဝမ်းစာဖူလုံမှု အတွက် ချေးယူရသော အိမ်ထောင်စုများပြားပြီး ၊လုပ်အားခကြိုယူရသော အိမ်ထောင်စု အနည်းငယ် ရှိပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၅	၇	၁၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၅
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၃
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၂

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာတွင် ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၅) စု၊ မုဆိုးဖို၊တစ်ခုလပ်အိမ်ထောင်စု (၃) စုနှင့် အခြား ဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် အိမ်ထောင်စု (၂) စုတို့ ရှိကြောင်း ကြောင်းလေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	**ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□□□မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□□□မရှိ□□
၃	ရေကြီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□နိမ့်□□□□□□□□မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□□□မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၆	မုန်တိုင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၇	ငလျင်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၈	မီးဘေး	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□□□မရှိ□□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၂	၄က်ဖျားရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၃	တီဘီရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□
		နိမ့်□□□□□□□□မရှိ□□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ချောင်းကောက်ကျေးရွာသည် မြစ်ရေကြီးချိန်ကာလများတွင် စိုက်ပျိုးမြေများအား ရေများဝင်ရောက်ပြီး စိုက်ပျိုးထားသောသီးနှံများ ပျက်စီးဆုံးရှုံးမှု ရှိသဖြင့် ဝမ်းစာဖူလုံမှု အတွက် ကျေးရွာသူ/သားများမှာ အခက်အခဲများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ငြ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့် □□□□□□□မရှိ□□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာသည် မြစ်ရေကြီးချိန်၌ ရေဝင် ရောက်မှုများကြောင့် စိုက်ပျိုးသီးနှံများ အနည်းငယ်ပျက်စီးသဖြင့် စိုက်ပျိုးရေးလုပ် ကိုင်သူများမှာ ထိခိုက် သက်ရောက်မှု များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိ/ရပ်ဖ	၁ ☐ ၂ ☐ ၃ ☐	၃၀	၀	၃၀	ပညာရေး☐☐ ငွေကြေး☐☐ ကျန်းမာရေး☐☐ ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၂	ဝေယျာဝစ္စ အသင်း	၁ ☐ ၂ ☐ ၃ ☐	၂၀	၁၅	၃၅	ပညာရေး☐☐☐ငွေကြေး☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၃	ကျောင်းကော်မတီ	၁ ☐ ၂ ☐ ၃ ☐	၆	၃	၉	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	မီးကော်မတီ	၁ ☐ ၂ ☐ ၃ ☐	၁၀	၂	၁၂	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၅	လမ်းကော်မတီ	၁ ☐ ၂ ☐ ၃ ☐	၉	၃	၁၂	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
		၁ ☐ ၂ ☐☐☐☐☐၃ ☐				ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
		၁ ☐ ၂ ☐				ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐	ကောင်း☐☐ သင့်☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
		၃				စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ညံ့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ **ချောင်းကောက်ကျေးရွာသည် ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများစွာ ရှိ၀ိပါသည်။**

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	အဗန့်	၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂	မမြမေ	၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃	စထပနာ	၁ □ ၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက် ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း များဖြစ် သည့် အဗန်၊ မမြေမေ၊စထာပနာစသည့် အဖွဲ့အစည်းများရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေဝိုင်းဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ဝိုင်းဆိုင်မှု၊ မြေယာဝိုင်းဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေဝိုင်းဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၈၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၁၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား		တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၉၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ **ချောင်းကောက်** ကျေးရွာသည် **စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ** (၂.၅)**ဧကအောက် အိမ်ထောင်စုများပြီး** (၂.၅) **ဧကအထက် အိမ်ထောင်စုနှင့်** မြေယာမဲ့ အိမ်ထောင် စုများပြီး **အနည်းငယ်** ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် □ မဖြေဆိုပါ □	မရှိ □ မဖြေဆိုပါ□
၅	အဝီစိတွင်း	၁၇၅	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ချောင်းကောက်ကျေးရွာသည် ကျေးရွာ၏ ရေအရင်းအမြစ် မှာ အဝီစိတွင်းမှ ရေမှာ စိုက်ပျိုးဟက(၁၇၅) ဧကအား အလုံအလောက် ရရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

